# လွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

၁။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ ခင်ဗျား။

၂။ ယနေ့ ကျင်းပပြုလုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပါတီအသီးသီးကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသော သုခအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

၃။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မဲ့ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) မှ ဦးတင့်လှိုင်မြင့် ဖြစ်ပါတယ်။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သက်တမ်းအတွက် ကျွန်တော့်ကို လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကိုယ်စားလှယ်များအားလုံးက ယုံကြည်စွာရွေးချယ် တာဝန်ပေးအပ်လာတဲ့ အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနဲ့ မိမိတို့ တိုင်းဒေသကြီးအတွင်း ဒေသနှင့် ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များအတွက် လွှတ်တော် ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ မလွဲမသွေလုပ်ဆောင်ရမဲ့ လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တာဝန်ကျေပွန်စွာ အစွမ်းကုန် ကြိုးပမ်းဆောင် ရွက်သွားပါမယ်လို့လည်း ကတိပြုအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

၄။ ဒီကနေ့ဟာဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးအတွက်ရော တိုင်းဒေသကြီး လွှတ်တော်အတွက်ရော ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နေ့ တစ်နေ့လို့ ပြောလိုပါတယ်။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ ကစပြီး နိုင်ငံတော် အတွင်း နိုင်ငံရေးဖြစ်စဉ်များကြောင့် လွှတ်တော်များအားလုံး ခေတ္တရပ်နားထား ရာမှ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူခဲ့တဲ့ နိုင်ငံတော်အကြီးအကဲရဲ့

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖက်ဒရယ်စနစ် ပေါ်ပေါက်လာအောင် ပြန်လည်ဖော်ဆောင်ပေးလိုတဲ့ ရည်ရွယ်ချက် စေတနာတို့ကြောင့် မြို့နယ်ပေါင်း (၂၆၃)မြို့နယ်မှာ ရွေးကောက်ပွဲများကို နှောင့်ယှက်ဖျက်ဆီးရန်ပြုလိုသူများရဲ့ အန္တရာယ်များကြားမှ အပိုင်း(၃)ပိုင်း ခွဲခြားပြီး အောင်မြင်စွာ ကျင်းပပြုလုပ်ပေးနိုင်ခဲ့တာ အားလုံးအသိဘဲ ဖြစ်ပါတယ်။

၅။ ယခု လွှတ်တော်အစည်းအဝေးခန်းမအတွင်းမှာ နိုင်သူအကုန် ယူစနစ် (FPTP)၊ အချိုးကျကိုယ်စားပြုစနစ် MMV (PR) ရွေးကောက်ပွဲစနစ်တို့ဖြင့် အနိုင်ရရှိခဲ့ တဲ့နိုင်ငံရေးပါတီ (၆)ခုမှ အရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်(၆၂)ဦး၊ ချင်းနဲ့ရှမ်း တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် (၂)ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်(၂၁)ဦး၊ စုစုပေါင်း(၈၅) ဦးကို ကျန်းမာချမ်းသာစွာနဲ့ လွှတ်တော်အစည်းအဝေးမှာ မြင်တွေ့ခွင့်ရတဲ့အတွက်လည်း အထူးပင် ဝမ်းမြောက်မိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

၆။ ဒီနေ့ ဒီအချိန်ဟာ မြန်မာ့နိုင်ငံရေးသမိုင်းရဲ့ တတိယအကြိမ်မြောက် ဒီမိုကရေစီအသွင်ကူးပြောင်းရေး စာမျက်နှာအသစ် ထပ်မံဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းနေထိုင်တဲ့ ပြည်သူလူထုက ဒေသအကျိုးနဲ့ ပြည်သူ လူထုအကျိုးစီးပွားတိုးတက်ဖို့အတွက် အမှန်တစ်ကယ် ဆောင်ရွက်ပေးမဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတွေကို ရဲရဲဝင့်ဝင့် ရွေးချယ်ပေးလိုက်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေကလည်း ပြည်သူလူထုရဲ့ မေတ္တာ၊ စေတနာကို တန်ဖိုးထား အလေးထားတဲ့အနေနဲ့ ကျွန်တော်တို့ တာဝန်ယူရမဲ့ သက်တမ်းကာလ စတင်သည်မှ ပြီးဆုံးသည်အထိ ဒေသအကျိုး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်

ရေးအတွက် မိမိတို့ရဲ့ ဖြတ်သန်းခဲ့တဲ့ ဘဝအတွေ့အကြုံ၊ သိရှိထားတဲ့ ဗဟုသုတများကိုပေါင်းစပ်ပြီးလွှတ်တော်ကိုယ်စားလှယ်တာဝန်များကို ပီပီပြင်ပြင်ကျေပွန်စွာထမ်းဆောင်ကြဖို့ မှာကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

၇။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူလူထုကငင်းတို့ကိုယ်စား လုပ်ပိုင်ခွင့်များကို ရွေးချယ်လွှဲအပ်ထားခြင်းခံရသူများဖြစ်တာကြောင့် ပြည်သူများ မျှော်လင့်တောင့်တနေကြတဲ့ ဒီမိုကရေစီအရေး၊ အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသော နိုင်ငံတော်သစ်ကြီးပေါ်ပေါက်လာရေး၊ ပိုမိုခိုင်မာသည့် ပြည်မြန်မာဖြစ်ပေါ်လာရေးတို့အတွက်ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

၈။ ယနေ့အချိန်ဟာ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အချိန်ကာလကောင်း တစ်ခုဖြစ်ပါတယ်။ အတိတ်ဟာ ပစ္စုပ္ပန်ရဲ့ ဆရာဖြစ် သလို ပစ္စုပ္ပန်ဟာလည်း အနာဂတ်ရဲ့ဖိသုကာဖြစ်တယ်ဆိုတဲ့ စကားနဲ့အညီ ကျွန်တော်တို့အနေနဲ့ အတိတ်မှာ ဖြစ်ပျက်ခဲ့တာတွေကို သင်ခန်းစာယူတဲ့နေရာမှာကောင်းသောအကြောင်းအရာကိစ္စများကို ယူဆောင်ပြီးမကောင်းသော အကြောင်းအရာများကို ချန်လှပ်ကာ ပစ္စုပ္ပန်ကာလမှာ ကောင်းမွန်စွာ ပြုပြင် လုပ်ကိုင်ကြရမှာဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တွေဟာ ပြည်သူများက ယုံကြည်အားကိုးပြီး ရွေးချယ်တင်မြှောက်ထားတဲ့အတွက် ပြည်သူများရဲ့ လိုအပ်ချက်များကို စဉ်ဆက်မပြတ် လေ့လာစုံစမ်းနေပြီး မအေးချမ်း၊ မတည်ငြိမ်သေးသည့် ဒေသများကို အေးချမ်းတည်ငြိမ်အောင် မဖွံ့ဖြိုးသေးသည့် နေရာဒေသများကို ဖွံ့ဖြိုးအောင် ၊ ဖွံ့ဖြိုးဆဲနေရာဒေသ

များကိုလည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်း ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတွေဟာ လွှတ်တော်အတွင်းမှာ ဥပဒေများရေးဆွဲ အတည်ပြုခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများကို အဆို၊ မေးခွန်းများနဲ့ ဆွေးနွေးမေးမြန်း ညှိနှိုင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

၉။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှာ ပြီးခဲ့တဲ့ လွှတ်တော် သက်တမ်းမှာ ပါဝင်ခဲ့ကြဖူးတဲ့ အရပ်ဖက်/ တပ်ဖက် ကိုယ်စားလှယ်အချို့ ပြန်လည်ပါရှိလာတာကို တွေ့ရတဲ့အတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် လွှတ်တော်အတွေ့အကြုံရှိသည့် ၎င်းကိုယ်စားလှယ်များက အတွေ့အကြုံမရှိသေးသူများကို လက်တွဲခေါ်ကြဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ ဒေသနဲ့ ပြည်သူတို့ရဲ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အတိတ်က သင်ခန်းစာများအပေါ် မူတည်ပြီး စိတ်ပိုင်းနဲ့ ၊ ရုပ်ပိုင်းဆိုင်ရာများကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာမှာလည်း လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဘာသာအယူဝါဒအစွဲများ မထားကြဘဲ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့ ပြည်သူတစ်ရပ်လုံးက ပါဝင်ပူးပေါင်းလုပ်ဆောင်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူပါဝင်ပူးပေါင်း ဆောင်ရွက်မှုမရှိရင် အောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေမှာဖြစ်သလို မိမိတို့နယ်မြေ ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှု မရှိဘူးဆိုရင်လည်း ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမှာဘဲဖြစ်ပါတယ်။

၁၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ တာဝန်ပေးခံရမည့် ကိုယ်စားလှယ်တော်ကြီးများ အနေနဲ့လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဖက်မှာလည်း တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်း

ရေးတို့ကို ကျွဲကူးရေပါဆိုသကဲ့သို တစ်ပါတည်းပူးတွဲ လုပ်ဆောင်ပေးနိုင်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

၁၁။ ယခု ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်စတင်လျှောက်လှမ်းနေတဲ့ တတိယအကြိမ် လွှတ်တော်မှသည် ကျွန်တော်တို့၏ သားစဉ်မြေးဆက်အထိ စစ်မှန်စည်းကမ်းပြည့်ဝသောပါတီစုံ ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာရေးအတွက် လွှတ်တော်ရဲ့ အခန်းကဏ္ဍဖြစ်တဲ့ ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်း တို့နှင့်အညီ ရှေ့ဆက်လုပ်ကိုင်ရမည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအပေါ် စေတနာ၊ မေတ္တာ၊ ကိုယ်ချင်းစာတရားများ ရှေ့ထားပြီး ဆောင်ရွက်ကြဖို့နဲ့ ထိုကဲ့သို့ ဆောင်ရွက်တဲ့နေရာမှာလည်း အသေးအဖွဲဟူ၍ မရှိစေရ၊ အရာရာကို အလေးထားဆောင်ရွက်ပြီး **"ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်"** ဟူသော လွှတ်တော်ဆောင်ပုဒ်နှင့်အညီ အသိ၊ ဉာဏ်ပညာ လက်ကိုင်ထားပြီး ဆောင်ရွက်ကြဖို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။